ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့၊ (26-9-2011) (၆၉၄)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ဒုတိယအကြိမ် စုံညီအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

**(၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ဒုတိယအကြိမ် စုံညီအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ဖနွမ်းပင်မြို့ရှိ Peace Palace Nuon Srei Hall ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တက်ရောက်သည်။**

စုံညီအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ Senate ဥက္ကဋ္ဌ Mr. SAMDECH AKKA MOHA THAMMA POTHISAL CHEA SIM၊ AIPA ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ AIPA အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးလေ့လာသူနိုင်ငံများနှင့် လေ့လာသူ နိုင်ငံများမှ ခေါင်းဆောင်များ၊ AIPA, ASEAN တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံရေးဆိုင်ရာကော်မတီ၊ စီးပွားရေးဆိုင်ရာ ကော်မတီ၊ လူမှုရေးဆိုင်ရာကော်မတီ၊ အဖွဲ့အစည်းဆိုင်ရာ ကော်မတီ၊ AIPA အမျိုးသမီး ပါလီမန်အမတ်များဆိုင်ရာ ကော်မတီ (WAIPA)၊ လေ့လာသူ နိုင်ငံများနှင့် ဆွေးနွေးခြင်း ဆိုင်ရာကော်မတီ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မတီတို့က ဆွေးနွေးဆုံးဖြတ်မှု အစီရင်ခံစာများကို ဖတ်ကြား ကြသည်။



**လက်မှတ်ရေးထိုး**

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် အပါအဝင် AIPA အဖွဲ့ဝင် နိုင်ငံများ၏ ခေါင်းဆောင်များက ပူးပေါင်း ဆောင်ရွက်ခြင်းဆိုင်ရာ အစီရင်ခံစာကို လက်မှတ် ရေးထိုးကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့် (၃၂)ကြိမ်မြောက် အာဆီယံ ပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ဒုတိယအကြိမ် စုံညီအစည်းအဝေးသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင် (၁၄) ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ASEAN INTER-PARLIAMENTARY ASSEMBLY ဥက္ကဋ္ဌ Mr. SAMDECH AKKA MOHA PONHEA CHAKREI HENG SAMRIN ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကို (AIPA) တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံခြင်းနှင့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံသို့ တက်ရောက်ရန် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိပြီး ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် ည ၇ နာရီ ၂၅ မိနစ်တွင် ဖနွမ်းပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးချိုထွန်းအောင်၊ သံမှူးကြီး ဦးသီဟဟန်နှင့် သံရုံးဝန်ထမ်းများ၊ ကမ္ဘောဒီးယားနိုင်ငံအမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဖနွမ်းပင်မြို့ရှိ Hotel Inter- Continental သို့ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၂၆-၉-၂၀၁၁
(တနင်္လာနေ့)

# အရည်အသွေးနှင့် ထုတ်လုပ်မှုအရှိန်အဟုန်မြှင့်

နိုင်ငံ၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံနေသည်။ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေး ဦးတည်ကြိုးပမ်းလျက်ရှိရာ ဆန်စပါးနှင့် ပဲမျိုးစုံ ထုတ်လုပ်မှုမြင့်မားသော နိုင်ငံအဆင့်သို့ ရောက်ရှိလာခဲ့ပြီ။ ပြည်တွင်းစားသုံးမှုရိက္ခာ ဖူလုံပြည့်စုံမှုမှသည် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေး ကြိုးပမ်းနေကြပြီ။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး ဆက်လက်အားထုတ်ကြိုးပမ်းကြရပါဦးမည်။ စက်မှုကဏ္ဍဖွံ့ဖြိုးလာခြင်းသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုသည်။ ယနေ့ကာလတွင် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်မြင့်တက်လှမ်းနိုင်ရေး အခြေခံကောင်းများကို ထူထောင်တည်ဆောက်နေသည်။ စက်ရုံ၊ အလုပ်ရုံအသစ်များစွာ တည်ဆောက်ဖွင့်လှစ်ခဲ့ရာ သွင်းကုန်အစားထိုးစက်ရုံအများအပြားကို တွေ့မြင်နေရသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်းတို့ ဟန်ချက်ညီညီ ဆောင်ရွက်ကြရပေမည်။ အချို့ဒေသများတွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်၍ စက်ရုံ၊ အလုပ်ရုံအသစ်များစွာကို တည်ဆောက်လျက်ရှိရာ အကြီးစားစက်မှုလုပ်ငန်းများပါဝင်သည်။ စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ရစပြုနေပြီ။

စက်မှုနယ်မြေများ၌ နည်းပညာနှင့် ထုတ်လုပ်မှုမြင့်မားသည့် စက်ရုံကြီးများ ထူထောင်ထားရှိပြီးဖြစ်သည်။ အကြီးစားစက်နှင့် စက်ကိရိယာပစ္စည်းများ၊ ဒီဇယ်အင်ဂျင်များ၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများကို ထုတ်လုပ်နေကြပြီ။ စံချိန်မီမော်တော်ကားများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေး ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ ကုန်ထုတ်လုပ်မှုနည်းပညာသစ်များ ရရှိလာမှုနှင့်အတူ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိအကျိုးဖြစ်ထွန်းနေကြပြီဖြစ်သည်။

အချိန်တိုအတွင်း စက်မှုနိုင်ငံတော်အဖြစ် တက်လှမ်းနိုင်ရေး အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်မည့် ကျွမ်းကျင်ပညာရှင်များ လိုအပ်မည်ဖြစ်သည်။ စက်မှုဆိုင်ရာအတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေး စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားမွေးထုတ်နေမှု ပိုမိုအားထုတ်ကြရန် လိုအပ်မည်ဖြစ်သည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်လာနိုင်မှုနှင့်အတူ ကုန်ပစ္စည်းများ ထုတ်လုပ်နေကြပြီ။ ဈေးကွက်တွင် နိုင်ငံတကာ ထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ဖြန့်ဖြူးနိုင်ရေးသည် အလေးထားကြရမည့်အချက်ဖြစ်သည်။ တာဝန်ရှိသူအသီးသီးတို့က မိမိတို့စက်ရုံအလုပ်ရုံအလိုက် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေလျာထားချက် ပြည့်မီကျော်လွန်စေရေး၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေး စံချိန်စံညွှန်းမီကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

## ဗုဒ္ဓဓမ္မဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဘေလီတံတားထိပ်ရှိ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ကျောင်းဆောင်သစ်ကို ၂၀၁၁ ခုနှစ် ဇွန် ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ရဟန်း၊ သံဃာများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ဗုဒ္ဓဓမ္မဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ဗုဒ္ဓဓမ္မဒီပလိုမာသင်တန်းနှင့် B.A.(Buddhism)ဘွဲ့ သင်တန်းတို့ကို ရဟန်းသံဃာများနှင့် သီလရှင်များအတွက် ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းကာလမှာ ရှစ်လကြာမြင့်ကြောင်း သိရသည်။

ဗုဒ္ဓဝါဒ အခြေခံသဘောတရားသင်တန်းမှာ လူပုဂ္ဂိုလ်များအတွက် ဖွင့်လှစ်သင်ကြားပေးသော သင်တန်းဖြစ်ပြီး သင်တန်းကို အသက်အရွယ်ကန့်သတ်ချက်မရှိ တက်ရောက်နိုင်ကြောင်း၊ ပထမဆုံးအကြိမ် ဖွင့်လှစ်သည့်သင်တန်းသို့ သင်တန်းသား ၁၀၀ တက်ရောက်လျက်ရှိပြီး အသက်(၁၆)နှစ်အရွယ်နှင့် အသက်(၈၀)အရွယ် သင်တန်းသား၊ သင်တန်းသူများ ပါဝင်ကြောင်း၊ အဆင့်သုံးဆင့်ထိ တက်ရောက်သင်ကြားရမည်ဖြစ်ပြီး သင်တန်းတစ်ဆင့်အတွက် သင်တန်းကာလမှာ သုံးလဖြစ်ကြောင်း သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သင်တန်းတာဝန်ခံဆရာတော်က မိန့်ကြားသည်။ လူပုဂ္ဂိုလ်များအတွက် သင်တန်းကို တစ်ပတ်လျှင် သုံးရက်(သောကြာ၊ စနေ၊ တနင်္ဂနွေနေ့)များတွင် နံနက် ၈ နာရီမှ ၁၀ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(နွဲ့နွဲ့ကြည်-သတင်းစဉ်)




## မဇ္ဈိမဒေသ ကထိန်သင်္ကန်း လှူဒါန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၂၅**

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော်အပါး ၃၇၀ နှင့် ဝေးလံခေါင်းပါးသော အာသံ-တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော် ၄၂၈ ပါး စုစုပေါင်း သံဃာ ၇၉၈ ပါးခန့်တို့အတွက် မဇ္ဈိမဒေသ (၃၄)ကြိမ်မြောက် ကထိန်သင်္ကန်းများကို နိုဝင်ဘာ ၉ ရက် နောက်ဆုံးထား၍ မဇ္ဈိမဒေသသာသနာပြုအဖွဲ့ အမှတ် (၁၃-က) ငါးထပ်ကြီးဘုရားလမ်း (ရုပ်ရှင် အစည်းအရုံးအနီး) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃ ဗုဒ္ဓဓမ္မဒါန စေတနာရှင်များအဖွဲ့ (ရွှေမြင်တင် ဦးညို) အမှတ်(၁၂) မြို့သစ် (၁) လမ်း ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၂၂၃၆ နှင့် ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ YUZANA BUSINESS TOWER အခန်း(၃၀၃) သုံးလွှာ ဓာတ်လှေကားအမှတ်(၂) မွေစေတီလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၆၃၄၈၊ ၀၉-၇၃၁၅၀၀၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅-၉-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၁၀၀ | ၀. ၀၃၂၃၅ |
| တရုတ် (ယွမ်) | ၆. ၃၈၈၀၀ | ၀. ၁၅၆၅၄ |
| အိန္ဒိယ (ရူပီး) | ၄၉. ၃၄၀၀ | ၀. ၀၂၀၂၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၆၅၀၀ | ၀. ၃၁၅၉၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၈၀၀ | ၀. ၇၇၀၄၂ |
| ဂျပန် (ယန်း) | ၇၆. ၅၈၀၀ | ၀. ၀၁၃၀၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၅. ၀၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၄၀၉၆ | ၁. ၃၄၉၆၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၆၈၇ | ၁. ၅၄၅၉၀ |

*အင်တာနက်။*

## မြန်မာ-ပိုလန် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ခရီးအလည်အပတ်ရောက်ရှိနေသော ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး မစ္စတာ ခရေဇီစတော့ဖ် စတန် နော့စကီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသော မြန်မာ-ပိုလန် နှစ်နိုင်ငံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မစ္စတာ ခရေဇီစတော့ဖ် စတန် နော့စကီး ခေါင်းဆောင်သော ပိုလန်ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲစေရန်နှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ နှစ်နိုင်ငံလက်ရှိ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဧည့်သည်တော် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)



မြန်မာ-ပိုလန် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

**စက်တင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ လသာမြို့နယ်နေ ဒေါက်တာဆန်းဆန်းဝေနှင့် ဒေါက်တာမြမြဝင်းတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် စတီးရေတိုင်ကီ တစ်လုံး၊ သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံတို့အတွက် အလှူငွေကျပ် ၁၁ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။** (ဇီဝိတဒါနသံဃာ့ဆေးရုံ)

**ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ ဆဋ္ဌမတန်း၌ ပထမဆုရရှိသော မခင်နန္ဒာအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဌေး ဆုချီးမြှင့်စဉ်။** (ကြေးမုံ)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၆-၉-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၂၅ ၄။ မျိုးချစ်တပ်မတော်
၇:၃၀ ၅။ မြန်မာ့ရှုခင်း
၇:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို
၈:၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ စိုက်ပျိုးသုတ
၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅ ၆။ လျှပ်တစ်ပြက်
၄:၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅:၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၁၉)**
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၀)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁၉)**
၂၄။ Mini Series

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

## ဥတုရာသီ တောကို မှီ၏

☆ **ရှေ့ဖုံးမှ**

ယင်းနောက် (၃၂)ကြိမ်မြောက် AIPA ဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက (၃၃)ကြိမ်မြောက် AIPA အာဆီယံပါလီမန်များဆိုင်ရာအထွေထွေညီလာခံ လက်ခံကျင်းပမည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Dr. Marzuki Alie ထံသို့ တာဝန်ဝတ္တရားများကို လွှဲပြောင်းပေးအပ်ပြီးနောက် (၃၃)ကြိမ်မြောက် AIPAအထွေထွေညီလာခံကျင်းပမည့်နေ့ရက်နှင့် နေရာကို ကြေညာသည်။

ထို့နောက် (၃၃)ကြိမ်မြောက်ညီလာခံ တာဝန်ယူကျင်းပမည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် AIPAဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက စုံညီပိတ်ပွဲ မိန့်ခွန်းပြောကြားပြီးနောက် AIPA အဖွဲ့ဝင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌများအား အမှတ်တရတံဆိပ်များကို နိုင်ငံအလိုက် ဂုဏ်ပြုပေးအပ်သည်။

ဆက်လက်၍ (၃၃)ကြိမ်မြောက် AIPA အထွေထွေညီလာခံ တာဝန်ယူကျင်းပမည့် အင်ဒိုနီးရှား သမ္မတနိုင်ငံက အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ တည်နေရာ၊ သမိုင်းကြောင်းနှင့် လွှတ်တော်များကျင်းပနိုင်ရန် စီစဉ်ထားမှုများကို ဗီဒီယိုပြသပြီး စုံညီအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### တွေ့ဆုံဂါရဝပြု

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အပါအဝင် AIPA အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ လေ့လာသူ နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့များ၊ AIPA, ASEAN မှ တာဝန်ရှိသူများသည် ညနေ ၅ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံဘုရင် His Majesty Preah Bat Samdech Preah Boromneath NORODOM SIHAMONI အား သွားရောက်တွေ့ဆုံဂါရဝပြုကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



### လက်မှတ်ရေးထိုး

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ဒုတိယအကြိမ် စုံညီအစည်းအဝေး၌ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အစီရင်ခံစာကို လက်မှတ်ရေးထိုးစဉ်။**

(သတင်းစဉ်)

### အမှတ်တရတံဆိပ်

**AIPA ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. SAMDECH AKKA MOHA PONHEA CHAKREI HENG SAMRIN က ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်အား အမှတ်တရတံဆိပ်ကို ဂုဏ်ပြုပေးအပ်စဉ်။**

(သတင်းစဉ်)




**ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ကျားတက်မမွေရိပ်သာကျောင်း သိမ်ဆောက်လုပ်ရန်အတွက် အလှူရှင် (ဦးအေးညို)-ဒေါ်မေစီသင်း၊ သား ကိုဝင်းအေး-မမြတ်ဆွေဇင်၊ ကိုအောင်နိုင်ဝင်း-မမိုးကေသီ၊ ကိုဇော်ဇော်အောင်-မခိုင်မြတ်မာလာစိုး၊ မြေး မင်းညဏ၊ စွမ်းမြတ်သင်္ချေအောင် မိသားစုက အလှူငွေကျပ် သိန်း ၁၈၀ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)



## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတွက် ပျော်ဖြေတင်ဆက်ပွဲအခမ်းအနား နမ့်ခမ်းမြို့၌ ကျင်းပ

**နမ့်ခမ်း စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျားဖြူခန်းမ၌ မူဆယ်ခရိုင်အဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝါသနာရှင်အဆင့်နှင့် ကျောင်းသား၊ ကျောင်းသူများ ဖျော်ဖြေတင်ဆက်ပွဲကို ဩဂုတ် ၂၉ ရက်တွင် ကျင်းပရာ နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး မူဆယ်ခရိုင် အဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝါသနာရှင်အဆင့်နှင့် ကျောင်းသား၊ ကျောင်းသူများက သီဆိုကပြဖျော်ဖြေတင်ဆက်ပြီး နမ့်ခမ်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခ) ဦးဝင်းမောင်က နမ့်ခမ်းမြို့နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြီးကြပ်မှုကော်မတီထံသို့ ဂုဏ်ပြုဆုငွေကျပ်သုံးသိန်း ချီးမြှင့်ပြီး တက်ရောက်လာသော ဧည့်သည်များက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ဆက်လက်၍ နမ့်ခမ်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က နမ့်ခမ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၀၀ ထောက်ပံ့ပေးအပ်ရာ မြို့နယ်လက်ထောက်ပညာရေးမှူးက လက်ခံခဲ့သည်။ (မြို့နယ်ပြန်/ဆက်)



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၉-၂၀၁၁ (တနင်္လာနေ့)**

**[၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)]**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂလိပ်ဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၃၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ပထမတန်း) အဆင့်] (အမျိုးသမီး)
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၃၀ ၄။ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု) (လသာရတနာဝတ်အသင်း)
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေ အရေးအသား)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၀ ၇။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာ နိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်](အမျိုးသား)
၅း၂၅ ၈။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသ အခြေအနေ
၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၂။ **မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဂုဏ်ပြုဇာတ်လမ်း "အရေးကြုံရင် ကြေးမုံရှိတယ်" (ခန့်စည်သူ၊ဘုန်းလျှံနေယံ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ချစ်စနိုးဦး၊ ခင်လေးနွယ်၊ ခရစ္စတီးနား၊ အိချောပို) (ဒါရိုက်တာ-ဇော်မြင့်ဦး၊ ခန့်စည်သူ)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာ သတင်းများ
၁၅။ မိုးလေဝသ အခြေအနေ
၁၆။ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြု ဆွေးနွေးခန်း
၁၇။ ကမ္ဘာကျော် သရုပ်ဆောင်များ
၁၈။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ" (အပိုင်း-၁၃)**
၁၉။ **အိန္ဒိယရုပ်ရှင် "မဟူရာခွင်းမယ့် ငွေကြယ်" (အပိုင်း-၃) (ဇာတ်သိမ်းပိုင်း)**
၂၀။ အစီအစဉ်ပြီး၏။

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ဒေသန္တရ ရွေးကောက်ပွဲများ၌ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ခွင့်နှင့် မဲပေးခွင့် ဆော်ဒီဘုရင်ခွင့်ပြု

**ရီယက်ဒ် စက်တင်ဘာ ၂၅**

၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျင်းပရန်ရှိသည့် ဒေသန္တရ ရွေးကောက်ပွဲများ၌ ဆော်ဒီအာရေဗျနိုင်ငံသား အမျိုးသမီးများအနေဖြင့် ပထမဆုံးအကြိမ် မဲပေးရွေးကောက်ရမည်ဖြစ်ကြောင်း ဆော်ဒီဘုရင် အဗ္ဗဒူလာက ယနေ့ ပြောကြားသည်။

၂၀၁၅ ခုနှစ် ဒေသန္တရရွေးကောက်ပွဲများ၌ ဆော်ဒီအမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ခွင့်နှင့် မဲပေးရွေးချယ်ခွင့် ပေးအပ်သွားမည်ဖြစ်ကြောင်း ဘုရင်အဗ္ဗဒူလာက ရှူရာကောင်စီအမည်ရှိ နိုင်ငံရေးရာအကြံပေးညီလာခံ မကျင်းပမီ ထုတ်ဖော်ကြေညာခဲ့သည်။

အမျိုးသားများကိုသာ ရွေးချယ်ခန့်အပ်သည့် ရှူရာကောင်စီ၌လည်း အမျိုးသမီးများအား ပါဝင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ဆော်ဒီဘုရင်က ပြောကြားခဲ့သည်။

ယခုလ ၁၈ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ဒေသန္တရ ရွေးကောက်ပွဲများ ကျင်းပရန် ရှိသော်လည်း အမျိုးသမီးများ ပါဝင်မဲပေးခွင့်ရဦးမည်မဟုတ်ပေ။

ဆော်ဒီအာရေဗျ နိုင်ငံသည် ၎င်း၏ ပထမဆုံးသော ဒေသန္တရရွေးကောက်ပွဲများကို ၂၀၀၅ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ **အင်တာနက်။**



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်ရှိ အမေရိကန်သံရုံးကို စစ်သွေးကြွများ တိုက်ခိုက်စဉ်။

# ပါကစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့များစေလွှတ်မည့်အရေး ပါကစ္စတန်သတိပေး

အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၅

**အာဖဂန်စစ်သွေးကြွအုပ်စုတစ်စုကို တိုက်ခိုက်ရန်အတွက် ပါကစ္စတန်နိုင်ငံအတွင်းသို့ အမေရိကန်ပြည်ထောင်စုက မြေပြင်တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမပြုရန် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက စက်တင်ဘာ ၂၄ရက်တွင် သတိပေးလိုက်သည်။**

၎င်းစစ်သွေးကြွအုပ်စုကို အာဖဂန်နစ္စတန်နိုင်ငံအတွင်း တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့က အသုံးချလျက်ရှိသည်ဟု အမေရိကန်က စွပ်စွဲထားသည်။

နှစ်နိုင်ငံအကြား တင်းမာမှုများ ပေါ်ပေါက်နေချိန်၊ အမေရိကန် ထိပ်တန်းတပ်မှူးတစ်ဦး ပါကစ္စတန် ကြည်းတပ်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးရန် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေချိန်တွင် အထက်ပါအတိုင်း နိုင်ငံခြားရေးဝန်ကြီး ဟီနာရာဘာနီခါးက သတိပေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ ဗဟိုစစ်တိုင်းအကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျိမ်းစ်မက်တစ်သည် ပါကစ္စတန်နိုင်ငံသို့ သောကြာနေ့က ရောက်ရှိနေပြီး ယင်းနိုင်ငံ၏ ကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး အက်ရှ်ဖတ်ပါဗက်စ်ခါယာနီနှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံရှိ အမေရိကန်သံရုံးက ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ကဘူးမြို့ရှိ အမေရိကန်သံရုံးကိုတိုက်ခိုက်ခဲ့ကြသော စစ်သွေးကြွအုပ်စုအပါအဝင် အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံမှ သောင်းကျန်းသူများအား ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့(အိုင်အက်စ်အိုင်) က ကူညီနေသည်ဟု အမေရိကန်တာဝန်ရှိသူများက စွပ်စွဲခဲ့ပြီးနောက် အမေရိကန်နှင့် ပါကစ္စတန်အကြား ဆက်ဆံရေး တင်းမာလာခဲ့ရသည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဟီနာရာဘာနီခါးက အမေရိကန်ပြည်ထောင်စု အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် လိုက်နာရမည့်ကျင့်ဝတ်များ၊ အကန့်အသတ်များကို မချိုးဖောက်သင့်ကြောင်း စနေနေ့တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

**အေပီ။**

# ဦးနှောက်အမြှေးရောင်ရောဂါကြောင့် အိန္ဒိယ၌ ၁၀ ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် မကြာသေးမီရက်ပိုင်းက ဦးနှောက်အမြှေးရောင်ရောဂါအဖြစ် ယူဆရသော ရောဂါတစ်မျိုးကြောင့် အနည်းဆုံးလူ ၁၀ ဦး သေဆုံးခဲ့သည်ဟု ပီတီအိုင်သတင်းဌာနက စက်တင်ဘာ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။

ယခုလအစောပိုင်းကလည်း အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ဘီဟာပြည်နယ်တွင် ကလေးငယ် ၁၉ ဦးမှာလည်း အလားတူ ဝေဒနာဖြင့် သေဆုံးခဲ့သည်ဟုဆိုသည်။

ဦးနှောက်အမြှေးရောင်ရောဂါ ကူးစက်ခံရသူများအနေဖြင့် ကိုယ်ခန္ဓာအပူချိန်အလွန်အမင်းမြင့်တက်လာပြီး သတိလစ်ခြင်းနှင့် အကြောဆွဲခြင်း စသောဝေဒနာများ ခံစားခဲ့ရကြောင်း ဆေးရုံများမှ ပြောကြားသည်ဟု သတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယအစိုးရက အဆိုပါရောဂါ ခံစားနေရသော ကျေးရွာများသို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများကို စေလွှတ်ခဲ့သည်ဟု ဆိုသည်။

**ဆင်ဟွာ။**



မိုးခေါင်ရေရှား ကပ်ဘေး၏နောက်ဆက်တွဲ စားနပ်ရိက္ခာပြတ်လပ်မှုကြောင့် ဒုက္ခသည်စခန်းများ၌ ခိုလှုံရာ ရှာဖွေနေရသော ဆိုမာလီယာနိုင်ငံသား ကလေးများ။

# အယ်လ်ရှာဘတ်က ဆိုမာလီယာဒုက္ခသည်များကို နေရပ်ပြန်ပို့မည်ဟုဆို

မိုဂါဒစ်ရှူး စက်တင်ဘာ ၂၅

**ဆိုမာလီယာ အငတ်ဘေးဒုက္ခသည် ထောင်ပေါင်းများစွာအား ဒုက္ခသည်စခန်းများမှ နေရင်းရပ်ရွာများသို့ အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုက ပြန်လည်ပို့ဆောင်ရန် စီစဉ်လျက်ရှိရာ ယင်းဒုက္ခသည်များ၏ ကံကြမ္မာနှင့် ပတ်သက်၍ ပြည်ပအကူအညီပေးရေးအဖွဲ့အစည်းများက စိုးရိမ်လျက်ရှိကြောင်း စက်တင်ဘာ ၂၄ ရက် သတင်းများတွင် ဖော်ပြသည်။**

ဆိုမာလီယာနိုင်ငံ အလယ်ပိုင်း ဘိုင်ဒိုအာမြို့ရှိ ဒုက္ခသည်စခန်းများမှ ဆိုမာလီနိုင်ငံသားများအနေဖြင့် မိုးရာသီမတိုင်မီ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် နေရင်းဇာတိ ရပ်ရွာများသို့ ပြန်ရမည်ဖြစ်ကြောင်း အယ်လ်ရှာဘတ်အဖွဲ့က ပြောကြားခဲ့သည်။ ယင်းဒုက္ခသည်များကို တစ်လစာ စားနပ်ရိက္ခာများ ဝေငှပေးသွားမည်ဖြစ်ကြောင်း အယ်လ်ရှာဘတ် အုပ်စုက ပြောကြားခဲ့သည်။

ဆိုမာလီယာနိုင်ငံ၏ ဒေသခြောက်ခုကို အငတ်ဘေးကျရောက်နေသည့် ဒေသများအဖြစ် ကုလသမဂ္ဂက ကြေညာထားသည်။ ထိုဒေသအများစုသည် အယ်လ်ရှာဘတ်အုပ်စု ထိန်းချုပ်ထားသည့် နိုင်ငံတောင်ပိုင်း၌ရှိပြီး လွန်ခဲ့သည့်နှစ်နှစ်ခန့်က ယင်းဒေသများအတွင်းသို့ အနောက်နိုင်ငံများမှ အကူအညီပေးရေးအဖွဲ့များ ဝင်ရောက်ခွင့်ပိတ်ပင်ထားခဲ့သည်။

**- ရွှေ့ပြောင်းခဲ့ -**

သို့ဖြစ်ရာ ထောင်ပေါင်းများစွာသော ပြည်သူများသည် စားနပ်ရိက္ခာအထောက်အပံ့ရရှိရန်အတွက် မြို့တော်မိုဂါဒစ်ရှူးသို့လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံကင်ညာနှင့် အီသီယိုးပီးယားရှိ ဒုက္ခသည်စခန်းများသို့ ရွှေ့ပြောင်းခဲ့ကြသည်။

ဘိုင်ဒိုအာမြို့မှ ဒုက္ခသည်မိသားစု ၆၅၀၀ ကို ၎င်းတို့၏ ဇာတိသို့ပြန်ပို့ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် စိုက်ပျိုးချိန်မီ ယာခင်းများသို့ ရောက်ရှိရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရန် မျိုးစေ့များလည်းပေးဝေမည်ဖြစ်ကြောင်း အယ်လ်ရှာဘတ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**- အတိမ်းအစောင်းမခံ -**

အငတ်ဘေးသင့်နေသောဆိုမာလီယာနိုင်ငံ၏ အခြေအနေသည် အတိမ်းအစောင်းမခံနိုင်သော အခြေအနေသို့ ရောက်ရှိနေသဖြင့် ပြည်ပအကူအညီပေးရေးအဖွဲ့များက အယ်လ်ရှာဘတ်သူပုန်အဖွဲ့၏ လုပ်ဆောင်မှုများကို တုန်လှုပ် ချောက်ချားမိကြောင်း ပြောကြားသည်။

**အင်တာနက်။**

# မီးရထားတွဲ ခေါင်မိုးပေါ်၌ စီးနင်းလိုက်ပါသူ အိန္ဒိယနိုင်ငံသားများ တံတားဖြင့်တိုက်မိ၍ သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၅**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ ညပိုင်းပြေးဆွဲသောရထားတစ်စင်း ခေါင်မိုးပေါ်တွင် စီးနင်းလိုက်ပါလာသူ ခရီးသည် ငါးဦးတို့သည် စက်တင်ဘာ ၂၅ ရက်က တံတားတစ်စင်းနှင့် မလွတ်မကျွတ် တိုက်မိခြင်းကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

အသက်အရွယ်အားဖြင့် ၂၀ ဝန်းကျင်အသီးသီးရှိသော သေဆုံးသူ ငါးဦးတို့သည် ရာဂျက်စတန်ပြည်နယ် ဘီလ်ဝါရာမြို့သို့ သွားရောက်ကြမည့်သူများ ဖြစ်ကြောင်း သိရသည်။

ရထားခေါင်းမိုးပေါ်၌ စီးနင်းလိုက်ပါလာစဉ်အတွင်း တံတားဖြင့် မလွတ်မကျွတ် ဝင်တိုက်ခံရမှုကြောင့် ယင်းခရီးသည် ငါးဦးသေဆုံးခဲ့ရသည့်အပြင် အခြားလေးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဒဏ်ရာရသူလေးဦးအနက် နှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း ရာဂျက်စတန်ပြည်နယ် မီးရထားဌာန မန်နေဂျာက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ပုဂ္ဂလိက လေကြောင်းလိုင်းများ အပြိုင်အဆိုင် ပေါ်ထွန်းလာခဲ့သော်လည်း ခရီးဝေး သွားရောက်သူများအနေဖြင့် မီးရထားများကိုသာ အားထားအသုံးပြုနေရဆဲဖြစ်သည်။ အိန္ဒိယမီးရထားများသည် နေ့စဉ်နေ့တိုင်း ခရီးသည် ၁၈ ဒသမ ၅ သန်းခန့်ကို လိုရာခရီးသို့ ပို့ဆောင်ပေးလျက်ရှိသည်။

မီးရထားတွဲခေါင်မိုးများပေါ် တက်ရောက်စီးနင်းမှုသည် အိန္ဒိယနိုင်ငံတွင် တရားဝင်ခြင်းမရှိသော်လည်း မီးရထားခရီးစဉ်များနှင့် ခရီးသည်အရေအတွက် အချိုးအစားမညီမျှမှုကြောင့် ရထားတွဲခေါင်မိုးပေါ်၌ တက်ရောက်စီးနင်းမှုသည် နေ့စဉ် မြင်နေတွေ့နေကျဖြစ်ရပ်သာဖြစ်သည်။ **အင်တာနက်။**





ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ပြင်ရှိ ဆန်း(Cern) နျူကလီးယား သုတေသန ဓာတ်ခွဲခန်းကို တွေ့ရစဉ်။

# အလင်း၏မြန်နှုန်းထက် သာလွန်ရွေ့လျားနိုင်သော အမှုန်တစ်မျိုး ရူပဗေဒပညာရှင်များတွေ့ရှိ

ဂျီနီဗာ စက်တင်ဘာ ၂၅

**နျူထရီနော့စ်အမည်ရှိ အက်တမ်အောက်အမှုန်တစ်မျိုးသည် အလင်း၏မြန်နှုန်းထက် မြင့်မားစွာရွေ့လျားနိုင်ကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နျူကလီးယားသုတေသနသိပ္ပံဓာတ်ခွဲခန်းမှ ပညာရှင်များက စက်တင်ဘာ ၂၃ ရက်တွင် လေ့လာတွေ့ရှိခဲ့သည်ဟု သတင်းများ၌ ဖော်ပြသည်။**

နျူထရီနော့စ် (Neutrinos) အမှုန်များ အလင်း၏မြန်နှုန်းထက် ပိုမိုလျင်မြန်စွာ ရွေ့လျားနိုင်သည့်အချက်ကို အမှန်တကယ် သက်သေပြနိုင်ပါကကမ္ဘာကျော်သိပ္ပံပညာရှင် အဲလ်ဘတ်အိုင်စတိုင်း၏ အယူအဆများနှင့် လက်ရှိလက်ခံထားသော ရူပဗေဒနိယာမများအား ပြန်လည်သုံးသပ်ရတော့မည် ဖြစ်သည်။

အလင်း၏ မြန်နှုန်းထက် မည်သည့်အရာကမျှ ပိုမိုရွေ့လျားနိုင်စွမ်းမရှိကြောင်း ကမ္ဘာကျော်သီအိုရီရူပဗေဒပညာရှင် အဲလ်ဘတ်အိုင်စတိုင်းက ၎င်း၏ အထူးနှိုင်းရသီအိုရီတွင် ထုတ်ဖော်တင်ပြထားခဲ့သည်။

နျူထရီနော့စ် အမှုန်များ အလင်း၏မြန်နှုန်းထက် ပိုမိုရွေ့လျားနိုင်သည်ဆိုသည့် အချက်အား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ပြင်၌ တည်ဆောက်ထားသော ဆန်း (Cern) အမည်ရှိ နျူကလီးယား သုတေသနဓာတ်ခွဲခန်းမှ ပညာရှင်များက ထုတ်ဖော်တင်ပြခြင်းကြောင့် ကမ္ဘာတစ်ဝန်းမှ ရူပဗေဒပညာရှင်များ အံ့အားသင့်ခဲ့ကြရသည်။ ယင်းအချက်မှန်ကန်ကြောင်း အတည်ပြုခြင်းမရှိမီ သီးခြားလေ့လာစမ်းသပ်မှုများ လုပ်ဆောင်ကြရန် သိပ္ပံပညာရှင်များက တိုက်တွန်းခဲ့ကြသည်။

ဆွစ်ဇာလန် နျူကလီးယားသုတေသနဓာတ်ခွဲခန်းမှ ပညာရှင်များ၏ ထုတ်ဖော်ချက်အရ နျူထရီနော့စ်အမှုန်များသည် အလင်း၏မြန်နှုန်းကိုလွန်၍ တစ်စက္ကန့်လျှင် ၁၈၆၂၈၂ မိုင်နှုန်းဖြင့် ရွေ့လျားနိုင်ကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံးသိပ္ပံသုတေသနဓာတ်ခွဲခန်းများ၌ အပါအဝင်ဖြစ်သော ဆန်းဓာတ်ခွဲခန်းသိပ္ပံပညာရှင်များသည် ၎င်းတို့၏ တွေ့ရှိချက်အား အတည်ပြုနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့၏ အကူအညီများကို ရယူရန် လုပ်ဆောင်လျက်ရှိသည်။ **အင်တာနက်။**

# ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းသားများနှင့် တောင်သူများ နေပြည်တော်ရှိ တောင်သူပညာပေးစိုက်ခင်းများကို ကြည့်ရှုလေ့လာ



**နေပြည်တော် စက်တင်ဘာ ၂၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် **(အပေါ်ပုံ)**သည် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့်တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့မှ လေ့လာရေးရောက်ရှိလာကြသော ဆည်မြောင်းဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်းမှ ဦးစီးမှူး (မြို့ပြ) လုပ်ငန်းဝင် သင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသား ၅၈ ဦး၊ အုပ်ချုပ်သူ ငါးဦး၊ ဒက္ခိဏသီရိမြို့နယ်မှ စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့် တောင်သူ ၃၂ ဦး စုစုပေါင်း ၉၅ ဦးတို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု စံပြစက်မှုလယ်ယာဧက ၅၀၀ အထူးဇုန်၌ ရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးက ဤစိုက်ကွင်းနေရာသည် စက်မှုလယ်ယာစနစ် စံပြ စိုက်ကွင်းကြီးဖြစ်သည့်အားလျော်စွာ ကုန်ထုတ်လမ်းများ၊ ဆည်ရေသောက်မြောင်းများ၊ တစ်ဧကစံကွက်များနှင့် ရေအထုတ်အသွင်း စနစ်တကျတည်ဆောက်ထားသော ရေတံခါးများကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံထွက်ကုန်များ အရည်အသွေးကောင်းမွန်ရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးပြုရမည့် ရိတ်သိမ်းခြွေလှေ့စက်များ၊ စပါးအခြောက်ခံစက်များ၊ မျိုးစပါးစေ့သိုလှောင်သည့် Silo များ၊ တန် ၅၀၀ အထိ သိုလှောင်နိုင်သည့် ဂိုဒေါင်များဖြင့် ပြည့်စုံစွာတည်ဆောက်ထားကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် အောင်သုခကျေးရွာ တောင်သူပညာပေး စိုက်ခင်း၊ ၅၅ ရက်သား အရွယ်ရှိ ပညာပေးစပါး ၁၀ ဧကစိုက်ခင်းနှင့် ချိုင်းကျေးရွာအနီးရှိ စံပြတောင်သူပညာပေး စပါးဧက ၄၀ စိုက်ခင်း တို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၉-၂၀၁၁ (တနင်္လာနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၈) (ဆရာတော်အရှင် ပညာသီဟာဘိဝံသ)
၆း၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၈)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၈၀)**
၈း၅၀ Activities In The City
၉း၁၅ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် လက်ရာမွန်ပြပွဲ
၉း၄၀ စာအုပ်ပြခန်း
၁၀း၁၅ A Journey to the Korea (Part-7)
၁၀း၃၀ The Champion of Dance
၁၁း၀၀ Celebrity Choice
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ
၁၂း၃၀ ငွေလှရတနာ အဘိဓမ္မာသင်တန်း
၁း၀၀ "တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၈) (ဆရာတော်အရှင် ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ FMF Selection
၂း၅၀ ကျွန်းစိုက်ခင်း ပထမအကြိမ် ပင်ကျဲပ်နုတ်ခြင်း
၃း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၈)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၈၀)**
၄း၄၀ Activities In The City
၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ Sunday Talk (ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ)
၆း၅၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၉)**
၇း၄၀ ဗီဒီယိုပြခန်း
၈း၀၀ MRTV-4 သတင်း
၈း၃၀ အရေးကြုံရင်ကြေးမုံရှိတယ်
၉း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၈၁)**
၁၀း၂၅ စကားနပန်း
၁၁း၀၅ အနုပညာမိုးကောင်းကင်
၁၁း၄၀ International Show Biz
၁၁း၅၀ ယုံကြည်ခိုင်မာသော. . . အောင်မြင်မှုပန်းတိုင်ဆီသို့
၁၂း၁၀ ဈေးဝယ်လမ်းညွှန်
၁၂း၂၅ တစ်ပြည်ဝင်အိုး (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၁၂း၄၅ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ မီလီယံ တန်သောကလေးများ)
၁း၁၀ လမ်းညွှန်ပေးစက် GPS
၁း၂၅ Barclays Premier League (Norwich Vs Sunderland)
၃း၂၅ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
၃း၄၀ ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
၄း၀၀ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၄း၁၅ ဖွံ့ဖြိုးဝေဆာ သပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
၄း၂၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၄း၃၀ အံ့ဖွယ်ထူးခြား မြေလတ် ဒေသဆီမှ ဘုရားများ
၅း၀၀ အစီအစဉ်ပြီး၏။

## Barclays Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၂၅ | Norwich - Sunderland | ESPN |

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# စွန့်ပစ်ပစ္စည်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မြှင့်တင်ရေးဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဆပ်ကော်မတီ(၁၂)ရပ် ဖွဲ့စည်းခဲ့သည့်အနက် စွန့်ပစ်ပစ္စည်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် မြှင့်တင်ရေးဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေး(၁/၂၀၁၁)ကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါအစည်းအဝေးသို့ စွန့်ပစ်ပစ္စည်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မြှင့်တင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ဖိတ်ကြားထားသည့် ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ဖိတ်ကြားထားသည့် ဆပ်ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ ကောင်းကျော်စေ အင်ဂျင်နီယာလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းနိုင်အောင်၊ Earth Industrial (Myanmar) Co., Ltd. ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ဦးမျိုးမြင့်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်သန်းသန်းလွင်နှင့် မန္တလေးနည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ မေဇင်လွင်တို့က မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

**စွန့်ပစ်ပစ္စည်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် မြှင့်တင်ရေးဆပ်ကော်မတီ ပထမအကြိမ်အစည်းအဝေး(၁/၂၀၁၁) ကျင်းပစဉ်။** (သတင်းစဉ်)

# အမျိုးသားသွေးဌာနသို့ သွေးများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၅**

သွေးသည်အသက်၊ အသက်သည် သွေး၊ သင့်သွေးဖြင့် အသက်ကယ်ပါဟူသည့် စာသားများကို အမျိုးသားသွေးဌာနများသို့ ရောက်တိုင်း တွေ့ရမြဲဖြစ်သည်။ အမျိုးသားသွေးဌာနများ၌ မွန်မြတ်သည့် သွေးလှူဒါန်းပွဲများကို အစုအဖွဲ့လိုက် လာရောက်လှူဒါန်းလျက်ရှိသကဲ့သို့ တစ်ဦးချင်း လာရောက်လှူဒါန်းမှုများကိုလည်း တွေ့ရသည်။ အချို့ကလည်း လူနာ၏ လတ်တလော သွေးလိုအပ်မှုနှင့်အညီ လှူဒါန်းကြသည်များလည်း ရှိသည်။

အမျိုးသားသွေးဌာန ရန်ကုန်မှ တာဝန်ရှိသူက မိမိတို့သွေးဌာနသို့ တစ်ဦးချင်းရော အသင်းအဖွဲ့လိုက်ပါ လာရောက်လှူဒါန်းမှုများ၊ သွေးဌာန၏ ပံ့ပိုးနိုင်မှုများကို ရှင်းပြသည်။ စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီကလည်း အမျိုးသားသွေးဌာန ရန်ကုန်၌ တစ်ဦးချင်းရော အစုအဖွဲ့လိုက်ပါ လာရောက်သွေးလှူဒါန်းသူများကို တွေ့ရသည်။ City Mart မိသားစုမှ ဝန်ထမ်း ၂၅၂ ဦးကလည်း လာရောက်သွေးလှူဒါန်းကြပြီး သွေးလှူဒါန်းနိုင်ခြင်းအတွက် ဝမ်းမြောက်စကားပြောကြားခဲ့သည်။ (ရီရီမြင့်-သတင်းစဉ်)

# ပေါင်းတည်မြို့နယ်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)မှ အမှုဆောင်များက ပေါင်းတည်မြို့နယ်ရှိ ဒေသခံအသင်းဝင် အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ပညာရည်ထူးချွန်ကြသော အသင်းဝင်သားသမီးများအား နဝမအကြိမ်ဆုချီးမြှင့်ခြင်းနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပေါင်းတည်မြို့လုံးကျွတ် သီတင်းကျွတ် စုပေါင်းဆွမ်းတော်ကြီးလောင်းလှူပွဲသို့ သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။

လောင်းလှူရာတွင် ဘိုးဘွားရိပ်သာ ဆွမ်းပဒေသာပင်နှင့် တစ်နေ့တာ ကျွေးမွေးရန် ငွေကျပ်တစ်သိန်းအပါအဝင် ငွေကျပ် ၁၀ သိန်းကျော်လှူဒါန်းကြမည်ဖြစ်သည်။

ကြိုတင်လှူဒါန်းလိုပါက နာယက ဦးသိန်းအောင် ဖုန်း-၅၅၀၇၅၂နှင့် ဦးကျော်ဝင်း ဖုန်း-၆၆၇၆၃၀၊ ဥက္ကဋ္ဌ ဦးလှစော ဖုန်း-၅၂၇၁၅၉၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၃၇၆၇၄၂၊ ဒုတိယဥက္ကဋ္ဌဦးအေးကို ဖုန်း-၅၂၁၉၁၃၊ ၀၉-၇၃၈၀၁၃၉၇ နှင့် အတွင်းရေးမှူး ဦးဇော်လွင်ထွန်း ဖုန်း-၅၁၉၃၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၀၄)

# စည်းကမ်းဖောက်ဖျက်သော ယာဉ်လုပ်သားများအား အရေးယူ

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် စီမံချက်ချကာ ဆောင်ရွက်လျက်ရှိသကဲ့သို့ စည်းကမ်းဖောက်ဖျက်သော ယာဉ်လုပ်သားများကိုလည်း အရေးယူလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၁၉ ရက်အထိ ယာဉ်တိုက်မှုဖြစ်လျှင် ယာဉ်ကိုမောင်းပြေးခြင်း၊ ယာဉ်တိုက်မှုဖြစ်ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ထွက်ပြေးခြင်း၊ ခရီးသည်အား ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ ယာဉ်တိုက်မှုဖြစ်လျှင် သက်ဆိုင်ရာသို့ အချိန်မီ အကြောင်းမကြားခြင်း၊ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရသူအား မကူညီခြင်း၊ တရားမဝင်သော လိုင်စင်အသုံးပြုခြင်း၊ ခရီးသည်အား ဆဲဆိုစော်ကားခြင်းနှင့် မူးယစ်သေစာ သောက်စားသုံးစွဲထားခြင်း စသည့် ပြစ်ချက်များနှင့် အကျုံးဝင်သည့် ပြစ်ချက်များ ကျူးလွန်ခဲ့သည့် ယာဉ်လုပ်သား သုံးဦးအပါအဝင် ယခုနှစ်အတွင်း ယာဉ်လုပ်သား ၅၇ ဦးအား ထုတ်ပယ်အရေးယူခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

(မောင်လှိုင်)

**ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)၏ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် (၂၇)ကြိမ်မြောက် စုပေါင်းအလှူဒါနပြုပွဲကို စက်တင်ဘာ ၁၈ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ရောဝတီတိုင်းဒေသကြီးမဏ္ဍပ်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းက ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် စုပေါင်းအလှူပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားစဉ်။**

(ကြေးမုံ)



ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

# တံငါသည် ရေနစ်ပြီ

မောင်အောင်-မွေးကု

"အဖေကြီးရေ ရုံးအလုပ်တွေလုပ်တာလည်း လုပ်ပေါ့၊ အိမ်ကနွားမကြီး ခွေးရူးရောဂါဖြစ်ပြီနဲ့တူတယ်၊ နည်းနည်းကြည့်စမ်းပါဦး"

ည ၇ နာရီခွဲလောက် ရုံးမှ ပြန်ရောက်သည့်အချိန်တွင် အိမ်သူသက်ထားက ပြောခဲ့သည့် စကားပင်။

"အမေကြီးလည်း တိရစ္ဆာန်ဆေးကုဆရာဝန်ပဲ၊ ခွေးရူးကိုက်ခံရတယ်ဆိုရင် ခွေးရူးရောဂါကာကွယ်ဆေးဝယ်ပြီးထိုးပေးလေ"

"ထိုးပေးတာပဲ အဖေကြီးရဲ့၊ အဲ ဒါပေမယ့် နွားကျောင်းတဲ့ကလေးက ခွေးရူးကိုက်ခံရတဲ့နေ့မှာ မပြောဘူး၊ ရောဂါလက္ခဏာ နည်းနည်းစပြီးပြမှပြောတော့ အဲဒီနေ့ချက်ချင်းဆေးဝယ်ပြီး ထိုးတော့ထိုးတာပဲ၊ သုံးလုံးထိုးပြီးသွားပြီ၊ ခုချိန်ထိ မသက်သာဘူး"

"ကဲ လက်နှိပ်ဓာတ်မီးပေး၊ ဆင်းကြည့်မယ်"

အဝတ်အစားလဲပြီး နွားမကြီးအား ကျွန်တော်သွားကြည့်ဖြစ်သည်။ ဒီနွားမကြီးမွေးခဲ့သည်မှာ ငါးနှစ်ကျော်ပြီ။ သုံးသားပေါက်ပြီး ယခုလည်း ဗိုက်ရှိနေသည်။ ဖရီရှန်မျိုးဖြစ်၍ နို့ထွက်ကောင်းသည်။ မိသားစုနို့စစ်စစ်သောက်ရရုံသာမက ဈေးဖိုးလည်းရသည်။ မိသားစုအတွက် အကျိုးပေးခဲ့သည့်နွားမ၊ အခုတော့ ကျွန်တော့်ကိုပင် မမှတ်မိချင်တော့။ စိန်းစိန်းဝါးဝါးကြည့်နေသည်။ လည်ပင်းကြိုးမှ ရုန်းသည်။ ကိုယ်နောက်ပိုင်းတဆတ်ဆတ်တုန်၍ ဗိုင်းခနဲလဲကျသည်။ နဖားကြိုးနှင့် လည်ပင်းကြိုးငြိ၍ လည်စေ့တောင့်နေသည်။ အတူလိုက်ကြည့်သည့်သားအငယ်ကောင်အား ဓားယူခိုင်းပြီး လည်ပင်းကြိုး ဖြတ်ပေးလိုက်သည်။

တချို့ပြောကြတာရှိသည်။ မိသားစုထဲမှ တစ်ယောက်ယောက် မကျန်းမာ၍ သေဆုံးခါနီးတွင် မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ ဇနီးမယားကို စောင့်တတ်သည်။ သက်ဆိုင်သူ အဝေးမှ ရောက်လာပါက စိတ်လျှော့ပြီး သေဆုံးတတ်ကြသည်။ ယခုလည်း တိုက်ဆိုင်သည်လား မပြောတတ်ပါ။ ဤအိမ်တွင် ကျွန်တော်က အိမ်ထောင်ဦးစီး။ ဒီနွားမကြီးကို ကျွန်တော် ရွေးချယ်ပြီးဝယ်ခဲ့တာ။ အိမ်သို့စပြီး ရောက်စက ကျွန်တော်နွားကို ကြည့်နိုင်သည်။ မနက်ဘက်ရုံးမသွားမီ နွားတွေ နွားခြံထဲမှထုတ်၊ နွားကျောင်းသည့် ကလေးနှင့်အတူ အစာကျွေး၊ ရေတိုက်ရင်း နွားကိုကြည့်ဖြစ်၊ ကိုင်ဖြစ်သည်။

နွားမကလေးမွေးသည့်အချိန်တွင် ကျွန်တော်ရော၊ ကျွန်တော့်ဇနီးပါ တိရစ္ဆာန်ဆေးကုဆရာဝန်များဖြစ်ကြ၍ လိုအပ်သည်များ လုပ်ပေးသည်။ သည်နွားမကြီးက စိတ်ထားကောင်းသည်။ သခင်ကို သခင်မှန်း သိတတ်သည်။ ကလေးမွေးတိုင်းလည်း အခက်အခဲမရှိ ပုံမှန်မွေးဖွားသည်။ နွားကျောင်းသည့်ကလေး နို့မညှစ်တတ်သေးခင်က ကျွန်တော်ကိုယ်တိုင်နို့ညှစ်ခဲ့သည်။ သို့ဖြစ်၍လည်း နွားမကြီးမှာ ကျွန်တော်တို့အိမ်တွင် မိသားစုလိုဖြစ်နေသည်။ နွားမကြီးကို ကြားစိန်မလို့ နာမည်ပေးထားခဲ့ပြီး သူ့ကလေးတွေကို အာနိုး၊ ရှပ်စီး၊ တုတ်ပေါဟု နာမည်တွေပေးထားခဲ့သည်။ နွားခြံအတွင်း အာနိုးတို့အဖွဲ့ကို သီးခြားခွဲထား၍ သူတို့အမေကိုလှမ်းပြီးကြည့်နေကြသည်။

လည်ပင်းကြိုးနှင့် နဖားကြိုးကို ကျွန်တော်ဖြတ်ပေးအပြီး နွားမကြီးက ငယ်သံပါအောင်တစ်ချက်ညှစ်၍အော်လိုက်သည်။ အော်သံရှည်နှင့်အတူ နောက်ခြေထောက်များဆန့်၍ ရုန်းကန်ရင်း မျက်လုံးပြူးကြီးဖြင့် ကျွန်တော့်ကို စိန်းစိန်းကြည့်ရင်း နွားမကြီး ငြိမ်ကျသွားသည်။ ကြားစိန်မ အသက်ပျောက်ခဲ့ပြီ။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝင်းအတွင်း နေထိုင်သည့် တိရစ္ဆာန်ဆေးကုဆရာဝန် ဇနီးမောင်နှံမွေးမြူထားသည့် နို့စားနွားမ ခွေးရူးရောဂါဖြင့် သေဆုံးခဲ့ရပြီ။ **"တံငါသည် ရေနစ်ပြီ"**။

ခွေးရူးရောဂါသည် ကျည်ဆန်ထိပ်ဖူးပုံရှိသည့် ရပ်ဘဒိုဗီရီဒေး (Rhabdoviridae)ခေါ် ဗိုင်းရပ်စ်ရောဂါပိုးကြောင့်ဖြစ်ပွားရပြီး ခရစ်တော်မပေါ်မီ ၂၃၀၀ ခုနှစ်ခန့်မှစတင်၍ ကမ္ဘာတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO)၏ ထုတ်ပြန်ချက်အရ ကမ္ဘာတွင် ခွေးရူးရောဂါကြောင့် ၁၅ မိနစ်လျှင် လူတစ်ဦးနှုန်းသေဆုံးလျက်ရှိပြီး တစ်နှစ်လျှင် လူ ၅၅၀၀၀ အသက်ဆုံးရှုံးလျက်ရှိသည်။ ၎င်းအနက် ၃၁၀၀၀ မှာ အာရှဒေသမှဖြစ်ပြီး အာဖရိကမှ နှစ်စဉ် လူ ၂၄၀၀၀ ခွေးရူးရောဂါဖြစ်ပွား၍ အသက်ဆုံးရှုံးလျက်ရှိသည်။

ခွေးရူးရောဂါသည် ခွေး၊ ကြောင်၊ လင်းနို့နှင့် တောရိုင်းတိရစ္ဆာန်များတွင် ဖြစ်ပွားလေ့ရှိပြီး ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်၏တံတွေးတွင် ခွေးရူးရောဂါဗိုင်းရပ်စ်ပိုး ပါရှိသည်။ ၎င်းတိရစ္ဆာန်အကိုက်ခံရပါက ၎င်းတိရစ္ဆာန်၏ တံတွေးရည်တွင် ပါရှိသည့် ဗိုင်းရပ်စ်မှ ရောဂါတိုက်ရိုက်ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ခွေးနှင့် ကြောင်များအား ကြိုတင်ကာကွယ်ဆေးထိုးထားခြင်းသည်သာလျှင် ရောဂါမဖြစ်ပွားအောင် ကာကွယ်သည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

ရောဂါလက္ခဏာပြမှ သိရှိပြီး ကုသပါကလည်း ၉၉ ရာခိုင်နှုန်း အသက်ဆုံးရှုံးစေနိုင်သည်။ သို့ဖြစ်၍ အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များ၊ ခွေးလေခွေးလွင့်များ အကိုက်ခံရပါက ခွေးရူး၊ မရူး စောင့်ကြည့်နေသည်ထက် ကာကွယ်ဆေးကို လက်ဦးမှုရအောင် ထိုးသင့်သည်။

ကမ္ဘာတွင် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှအပ အမေရိကန်နိုင်ငံအပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် ခွေးရူးရောဂါဖြစ်ပွားလျက်ရှိသည်။ အမေရိကန်နိုင်ငံ၌ပင် တစ်နှစ်လျှင် လူ ၄၀၀၀၀ ခန့် ခွေးရူးရောဂါဖြစ်ပွားမှုကြောင့် ဆေးကုသမှု ခံယူလျက်ရှိသည်။

အာရှတွင်လည်း ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် နှစ်စဉ်ကာကွယ်ဆေးထိုးခြင်းဖြင့် တိရစ္ဆာန်နှင့် လူများတွင်ဖြစ်ပွားစေသော ခွေးရူးရောဂါကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ အရှေ့တောင်အာရှတွင် ခွေးရူးရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်၍ အမျိုးသားအဆင့်ခွေးရူးရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစီမံကိန်းများကို မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့တွင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ အမျိုးသားအဆင့် စီမံကိန်းကို ဗီယက်နမ်နိုင်ငံတွင် ၁၉၉၆ ခုနှစ်မှစ၍ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၆ ခုနှစ်တွင်လည်းကောင်း ရေးဆွဲခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် ခွေးရူးရောဂါ ၁၉၁၅ ခုနှစ်မှစတင်ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းများအရ သိရှိခဲ့ရသည်။ ကျန်းမာရေးဦးစီးဌာန အမျိုးသားဓာတ်ခွဲခန်းမှ ခွေးရူးရောဂါစူးစမ်းရှာဖွေမှု၊ အတည်ပြုမှု ဆောင်ရွက်ပေးလျက်ရှိသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းနှင့် မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတို့မှလည်း အိမ်မွေးတိရစ္ဆာန်နှင့် ကျန်သတ္တဝါများတွင် ခွေးရူးရောဂါစစ်ဆေးရှာဖွေမှု၊ အတည်ပြုမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ခွေး၊ ကြောင်နှင့် အခြားတိရစ္ဆာန်များ၏ ဦးနှောက်တွင် ခွေးရူးရောဂါဖြစ်ပွားမှုရှိ၊ မရှိ စစ်ဆေးလျက်ရှိရာ ၂၀၁၀ ခုနှစ်အတွင်း ဓာတ်ခွဲခန်းသို့ပေးပို့သည့် မသင်္ကာဖွယ်ရာပစ္စည်းများအနက် ၃၀ ရာခိုင်နှုန်းမှာ ရောဂါဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ခွေးရူးရောဂါကာကွယ်ဆေးကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန Veterinary Biologic Production Laboratory မှ ၂၀၀၁-၂၀၀၂ ခုနှစ်မှစ၍ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်။ ဆေးအဆများများထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ခွေးရူးရောဂါကာကွယ်ဆေးများကို နှစ်စဉ်ပြည်ပမှ တင်သွင်းလျက်ရှိသည်။ ၂၀၀၇-၂၀၀၈ မှစ၍ တစ်နှစ်လျှင် ကာကွယ်ဆေးအဆ သုံးသိန်းကျော် တင်သွင်းလျက်ရှိသည်။

ခွေးရူးရောဂါကာကွယ်ရေးတွင် ပြည်သူလူထုအသိပညာပေးခြင်း၊ အိမ်မွေးခွေး၊ ကြောင်များအား ကာကွယ်ဆေးထိုးခြင်း၊ ခွေးလေခွေးလွင့်ပေါက်ပွားမှု ထိန်းချုပ်ခြင်းနှင့် ပိုင်ရှင်မဲ့ခွေးလေခွေးလွင့်များ သုတ်သင်ရှင်းလင်းမှုသည် အထူးအရေးပါသည်။

ကျွန်တော်တို့ လူမျိုးသည် ပေးကမ်းစွန့်ကြဲမှုအလွန်များလေ့ရှိသည်။ အိမ်မှစားကြွင်းစားကျန်များအား လမ်းပေါ်တွင် လေလွင့်ခွေးများအား ကျွေးမွေးခြင်းဖြင့် မိမိ၏ ဒါနပါရမီကို ဖြည့်ဆည်းချင်ကြသည်။ မိမိကျွေးမွေးထား၍ ပေါက်ပွားလာသည့် ခွေးများ လမ်းသွားလမ်းလာကို အနှောင့်အယှက်ပေးက ကိုယ်နှင့်မဆိုင်သလို နေတတ်ကြသည်။ ၎င်းခွေးများ ရောဂါတစ်ခုခုဖြစ်ခဲ့လျှင် အချို့သော စေတနာရှင်များမှလွဲ၍ မည်သူမှ လှည့်မကြည့်ချင်တော့။ အထူးသဖြင့် ဂရင်ဂျီနာအပါအဝင် ခွေးရူးရောဂါဖြစ်လာခဲ့လျှင် ကိုယ်ကျွေးမွေးခဲ့သည့်ခွေးဟု လုံးဝအသိအမှတ်မပြုတော့။

ဖြစ်သင့်သည်မှာ ခွေးမွေးလိုလျှင် မိမိခွေးကို မိမိအိမ်အတွင်း၊ ခြံဝင်းအတွင်း လည်ပတ်ဖြင့် မွေးသင့်သည်။ မှတ်ပုံတင်ထားသင့်သည်။ ကာကွယ်ဆေးပုံမှန်ထိုးသင့်သည်။ မည်သည့်ရောဂါဖြစ်ပွားလျှင်မဆို ဆေးဝါးကုသပေးသင့်သည်။ ခွေးသည် သစ္စာရှိပြီး သခင်ကိုသံယောဇဉ်ရှိသည့် သတ္တဝါဖြစ်သဖြင့် မွေးလိုက စနစ်တကျ မွေးသင့်သည်။ ခွေးလေခွေးလွင့်မွေးမြူခြင်းမျိုးမဖြစ်သင့်ပါ။

စာရေးသူကိုယ်တိုင် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးဖြစ်သဖြင့် တိရစ္ဆာန်များကို သံယောဇဉ်ရှိပါသည်။ သို့သော်လည်း ခွေးလေခွေးလွင့်ပွားများခြင်းကို စိတ်ပျက်မိပါသည်။ ခွေးရူးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ မြို့တော်စည်ပင်များမှ ခွေးလေခွေးလွင့်သုတ်သင်ထိန်းသိမ်းခြင်းပြုလုပ်ပါသည်။ သို့သော်လည်း ပေါက်ပွားနှုန်းနှင့် သုတ်သင်နှုန်း မမျှ၍ ခွေးလေခွေးလွင့်များပြားဆဲဖြစ်ပါသည်။

ပြီးခဲ့သည့် ဧပြီ ၃၀ ရက်က ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ (World Veterinary Day)တွင် ကျွန်တော်တို့မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ တစ်ပြည်လုံး အတိုင်းအတာဖြင့် ခွေးရူးရောဂါကာကွယ်ဆေးထိုးခဲ့ကြပါသည်။ ကျွန်တော်တို့၏ လုပ်ဆောင်ချက်ကို ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်နှင့် ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းတို့က ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ဆု (World Veterinary Day Award 2011) ယခုနှစ်အတွက် ချီးမြှင့်ခဲ့ပါသည်။ **"မြန်မာကို ကမ္ဘာက သိစေခဲ့ပါပြီ"**။

လာမည့် စက်တင်ဘာလ ၂၈ ရက်နေ့သည် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ (World Rabies Day) ဖြစ်ပါသည်။ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းသည် ပြည်သူများနှင့်ပူးပေါင်း၍ ခွေးရူးရောဂါတိုက်ဖျက်ရေး၊ ကာကွယ်ဆေးထိုးလုပ်ငန်း တစ်ပြည်လုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ပါဦးမည်။

တံငါသည်ရေနစ်၍ ခွေးရူးရောဂါ တိုက်ဖျက်ရေးဆောင်ရွက်ရန် ကြိုးပမ်းခြင်းမဟုတ်ပါ။

နိုင်ငံသားများအားလုံး ခွေးရူးရောဂါကင်းရှင်းရေး ရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ အစဉ်အလာကောင်းကို ထိန်းသိမ်းရင်း "ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့" ကို ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် သင်ထောက်ကူပြိုင်ပွဲ ဆုရသူများကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် သင်ထောက်ကူပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲကို **ပညာရည်မြင့်မားရေး ဆရာများက ဝိုင်းဝန်းကြိုးပမ်းပေး** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို အင်္ဂပူမြို့နယ် ချောင်းခွ အခြေခံပညာမူလတန်းကျောင်းမှ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်သိန်းကလည်းကောင်း၊ ဒုတိယဆုကို ကျုံပျော်မြို့နယ် ကညင်ဆိုင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ မူလတန်းပြဆရာမ ဒေါ်အိအိထွေးကလည်းကောင်း၊ တတိယဆုကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်မိုးမိုးဆင့်ကလည်းကောင်း ရရှိသည်။

အခြေခံပညာ အလယ်တန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို ပဲခူးမြို့ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ညိမ်းတင်(ဒေါ်ညိမ်း-ပညာရေး)က လည်းကောင်း၊ ဒုတိယဆုကို နတ်တလင်းမြို့နယ် ကျောင်းကြီး အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာ ဦးညွှန့်ဝင်း (ညွှန့်ဝင်း-ပညာရေး၊ နတ်တလင်း)က လည်းကောင်း၊ တတိယဆုကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးကလည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို အင်္ဂပူမြို့နယ် ထူးကြီး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တီတီက လည်းကောင်း၊ ဒုတိယဆုကို မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ထားရှင်က လည်းကောင်း၊ တတိယဆုကို ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်း (တူးမာ-ပညာရေး)က လည်းကောင်း ရရှိသည်။

အဆင့်မြင့်ပညာအဆင့် ဆရာ၊ ဆရာမများဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို ဘားအံတက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာသန်းဝင်း (မောင်သန်းဝင်း-ရန်ကုန်တက္ကသိုလ်) ကလည်းကောင်း၊ ဒုတိယဆုကို တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ရောဂါဗေဒဌာနမှ နည်းပြအရာရှိ ဗိုလ်ကြီးမင်းစိုးသူရ (မင်းသွေးငယ်-ရာမညမြေ)က လည်းကောင်း၊ တတိယဆုကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကတိက ဒေါက်တာသက်အုန်းမြင့် (ဆက်ကျော်လင်း-မြန်မာစာ)ကလည်းကောင်း ရရှိသည်။ **(ဆက်လက်ဖော်ပြပါမည်)**

(သတင်းစဉ်)

# ဟောင်ကောင် Development Council ကိုယ်စားလှယ်အဖွဲ့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့ရှိ Hong Kong Development Council (HKDC) မှ အဖွဲ့ဝင်လေးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပူးပေါင်း၍ စက်တင်ဘာ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ၌ ဟောင်ကောင် Development Council မှ ဒုတိယအမှုဆောင်ဒါရိုက်တာ Mr. Benjamin Chau က Hong Kong Fast Track to Expand into the International Market ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်ဖြစ်သည်။

မြန်မာစီးပွားရေး လုပ်ငန်းရှင်များ၊ စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် Hong Kong Development Council (HKDC) နှင့် ဆက်သွယ်မှုပြု၍စီးပွားရေး အခွင့်အလမ်းများ ရယူနိုင်ရေးနှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စများအပေါ် အမြင်ချင်းဖလှယ်နိုင်ရေး ရည်ရွယ်ချက်တို့ဖြင့် ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။ ဆွေးနွေးပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်သည်။

(အောင်သူရ)



**မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအုပ်စု ဝါးဖြူကုန်းကျေးရွာတွင် ၂၀၁၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အောင်မြင်စွာ စိုက်ပျိုးထားသော တစ်ရွာတစ်ကေယူကလစ်စိုက်ခင်းနှစ်ကေအား ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုး စက်တင်ဘာ ၂၁ ရက်က ကြည့်ရှုစစ်ဆေးစဉ်။** (ကြေးမုံ)

# မော်လမြိုင် တက္ကသိုလ်/ကောလိပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မော်လမြိုင် တက္ကသိုလ်/ကောလိပ် (ဘာသာရပ်ပေါင်းစုံ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းလိုသူများသည် ဦးရဲမြင့်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၅၀၆၁၀၉၊ ဦးဝင်းတီ (ဒုတိယဥက္ကဋ္ဌ) ဖုန်း ၇၁၀၀၀၅၊ ဦးမြင့်လွင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၁၅၆၈၄ နှင့် ဦးဝင်းနိုင်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၀၉၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ညှိနှိုင်းအစည်းအဝေးများကို လစဉ် ပထမပတ် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)



**ပျော်ဘွယ်မြို့ တောင်ညောင်ကုန်းကျေးရွာ တိုက်နယ်ဆေးရုံ၌ ရာသက်ပန်ဆေးပဒေသာပင်လှူဒါန်းပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ကျင်းပရာ ပျော်ဘွယ်မြို့ မြင်းဘက်ရပ် မင်းရဲကျော်စွာလမ်းနေ ဦးသန်းလွင်-ဒေါ်မြမြအေး၊ သားမောင်ဟိန်းထက်စိုး (ညီညီ အဆင့်မြင့် မွေးမြူရေးအစာထုတ်လုပ်ဖြန့်ချိရေး) မိသားစုက အလှူငွေကျပ် ၁၆ သိန်း ပေးအပ်လှူဒါန်းရာ ဆရာဝန်ကြီး ဒေါက်တာကျော်ထူးမြတ် လက်ခံစဉ်။**

(ကြေးမုံ)

# (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံတက်ရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွှတ်တော်ကိုယ်စားလှယ်များ သက်ဆိုင်ရာအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၏ (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံတက်ရောက်သည့် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် သက်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည်။**

ရှေးဦးစွာ WAIPA အမျိုးသမီးပါလီမန်အမတ်များ အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ဖနွမ်းပင်မြို့ရှိ Sofitel Phnom Penh Hotel ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း ခေါင်းဆောင်သောအဖွဲ့သည် AIPA အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသမီးပါလီမန်အမတ်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

### ဆွေးနွေးညှိနှိုင်းခဲ့

စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ဖနွမ်းပင်မြို့ရှိ Inter Continental Hotel ၌ ကျင်းပသည့် ကော်မတီအစည်းအဝေးများတွင် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးညွန့်တင် ခေါင်းဆောင်သောအဖွဲ့သည် နိုင်ငံရေးဆိုင်ရာကော်မတီ အစည်းအဝေးသို့လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဝဏ္ဏကျော်ထင် ဦးငွေးမြင့် ခေါင်းဆောင်သောအဖွဲ့သည် စီးပွားရေးဆိုင်ရာ ကော်မတီအစည်းအဝေးသို့လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ခေါင်းဆောင်သောအဖွဲ့သည် လူမှုရေးဆိုင်ရာကော်မတီအစည်းအဝေးသို့ လည်းကောင်း၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင် ခေါင်းဆောင်သောအဖွဲ့သည် အဖွဲ့အစည်းဆိုင်ရာ ကော်မတီအစည်းအဝေးသို့လည်းကောင်း တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

(သတင်းစဉ်)





**ဖနွမ်းပင်မြို့ရှိ Inter Continental Hotel ၌ ကျင်းပသည့် စီးပွားရေးဆိုင်ရာ ကော်မတီအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဝဏ္ဏကျော်ထင် ဦးငွေးမြင့် ခေါင်းဆောင်သောအဖွဲ့ တက်ရောက်စဉ်။**

(သတင်းစဉ်)

**ဖနွမ်းပင်မြို့ရှိ Inter Continental Hotel ၌ ကျင်းပသည့် နိုင်ငံရေးဆိုင်ရာ ကော်မတီအစည်းအဝေးသို့ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဦးညွန့်တင် ခေါင်းဆောင်သောအဖွဲ့ တက်ရောက်စဉ်။**

(သတင်းစဉ်)

**ဖနွမ်းပင်မြို့ရှိ Inter Continental Hotel ၌ ကျင်းပသည့် အဖွဲ့အစည်းဆိုင်ရာ ကော်မတီအစည်းအဝေးသို့ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ခေါင်းဆောင်သောအဖွဲ့ တက်ရောက်စဉ်။**

(သတင်းစဉ်)

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး အကြိမ်(၃၀)မြောက် ဆွမ်းဆန်တော်လောင်းလှူပူဇော်ပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်မြို့ ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ အကြိမ်(၃၀)မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို (၁၃၇၃ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက်)စက်တင်ဘာ ၂၇ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ပြည်မြို့ ဗိုလ်ချုပ်လမ်း ဆံတောရပ် သာသနာ့ဗိမာန်တော်ကြီး၌ တောရကျောင်းပေါင်း ၄၀၀ ကျော်မှ ရဟန်း၊ သာမဏေ၊ သီလရှင် ၁၉၀၀ ကျော်တို့အား လောင်းလှူပူဇော်မည်ဖြစ်သည်။

သို့ဖြစ်၍ ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆားနှင့် အလှူတော်ငွေ စသည်တို့ကို ဦးမောင်မောင်အေး (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၃၁၀၈၉၀၊ ၀၅၃-၂၉၀၀၁၊ ဦးမြင့်ဆွေ (အတွင်းရေးမှူး) ဖုန်း-၀၅၃-၂၇၃၄၇ နှင့် ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းရုံး ဖုန်း-၀၅၃-၂၇၀၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(မြင့်နိုင်)

### ဟောပြောဆွေးနွေး

**စက်တင်ဘာ ၂၀ ရက်က တမူးမြို့ အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမ၌ ကျင်းပသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ကလေး)မှ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲတွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးအောင်နိုင် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျှော့နည်းကျဆင်းရေးဆိုင်ရာများကို ပညာပေးဟောပြောဆွေးနွေးစဉ်။**

(သတင်းစဉ်)







## ရော်ဘာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅

**အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (International Rubber Research and Development Board - IRRDB) နှင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့က ကြီးမှူး၍ အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပသွားမည်ဟု သိရသည်။**

အလုပ်ရုံဆွေးနွေးပွဲတွင် မလေးရှား၊ အိန္ဒိယ၊ တရုတ်၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ ကျွမ်းကျင်သူများက စာတမ်း ၁၈ စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

(ကိုချစ်)

# မြန်မာနိုင်ငံ၏လွှတ်တော်များသည် ပြည်တွင်းတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတကာမျက်နှာစာတွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိ

## ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် AIPA တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြား

နေပြည်တော် စက်တင်ဘာ ၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ Peace Palace တတိယထပ် Nuon Srei အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ASEAN INTER- PARLIAMENTARY ASSEMBLY(AIPA) တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား လက်ခံခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားသည်။**



**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

[(၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားနှင့် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ASEAN INTER-PARLIAMENTARY ASSEMBLY(AIPA)တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား လက်ခံခြင်းအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းတို့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၁ ရက် သတင်းစာများတွင် ဖော်ပြပြီး ဖြစ်ပါသည်။]

ဆက်လက်၍ AIPA အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ လွှတ်တော်များကို တာဝန်ယူနေကြသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပေါ်ပေါက်လာသည့် လွှတ်တော်များနှင့်ပတ်သက်၍ အနည်းငယ် ရှင်းလင်းပြောကြားလိုပါကြောင်း။

နိုင်ငံတော်သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ကြေညာခဲ့ပါကြောင်း။

စတုတ္ထအဆင့်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခဲ့ရာ မဲပေးခွင့်ရှိသူ လူထု၏ ၉၈ ရာခိုင်နှုန်းကျော်မှ လာရောက်မဲပေးပြီး မဲပေးသည့် လူထု၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံခဲ့သဖြင့် ပဉ္စမအဆင့်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၀ ပြည့်နှစ်နိုဝင်ဘာ ၇ ရက်တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၉ သန်းကျော်ရှိသည့်အနက် ၂၂ သန်းကျော်က လာရောက်မဲပေးခဲ့သဖြင့် မဲပေးခွင့်ရှိသူဦးရေ၏ ၇၇ ဒသမ ၂၆ ရာခိုင်နှုန်းက မဲပေးခဲ့ကြပါကြောင်း၊ အဆိုပါရွေးကောက်ပွဲမှ အနိုင်ရရှိသော ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော် (၃) ရပ်ဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း။

လွှတ်တော် အစည်းအဝေးများ ကျင်းပခဲ့ခြင်းသည် ဆဋ္ဌမအဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်သည် မြို့နယ်နှင့် လူဦးရေကို အခြေခံပြီး လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၄၃၅ ဦး တက်ရောက်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်သည် တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇)ခုတို့မှ ကိုယ်စားလှယ် (၁၂)ဦးကျစီ တက်ရောက်ရသည့် လွှတ်တော်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၂၂၄ ဦး တက်ရောက်ခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် (၂)ရပ်ပေါင်း၍ ကျင်းပသည်ကို ပြည်ထောင်စုလွှတ်တော်ဟုခေါ်ပြီး စုစုပေါင်း ကိုယ်စားလှယ် ၆၅၉ ဦး တက်ရောက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးသော ဥပဒေပြုအာဏာပိုင် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ မတ် ၃၀ ရက်အထိ ကျင်းပခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များခေါ်ယူရာတွင် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်ခဲ့ပြီး မိမိအနေဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံခဲ့ရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်သက်တမ်း လပေါင်း ၆၀ ၏ ပထမပိုင်း လပေါင်း ၃၀ ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် အလှည့်ကျတာဝန်ယူထမ်းဆောင်ရသည့်အတွက် မိမိအနေဖြင့် ယခု ပြည်ထောင်စုလွှတ်တော်နာယကအဖြစ်ပါ တာဝန်ထမ်းဆောင်လျက် ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံရေးပါတီ ၁၅ ပါတီမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာပြီး ရွေးကောက်ပွဲဝင်သည့် ကိုယ်စားလှယ်များ၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိ၍ ယခုရွေးကောက်ပွဲတွင်လည်း ပါဝင်ပြီး အနိုင်ရသော ကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ် ၁၈ ဦး ပါဝင်ပါကြောင်း။

မူဝါဒလမ်းစဉ်(၇) ရပ်အနက် သတ္တမအဆင့်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်အစည်းအဝေးများ ကျင်းပ၍ အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သည့် သမ္မတရွေးကောက်တင်မြှောက်ရေးအဖွဲ့က ဒုတိယသမ္မတ (၃)ဦး ရွေးကောက်တင်မြှောက်ပြီး အဆိုပါ (၃)ဦးအနက် သမ္မတတစ်ဦးကို ရွေးကောက်တင်မြှောက်ခဲ့ပါကြောင်း၊ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်က ဝန်ကြီးဌာနအရေးအတွက်၊ ဝန်ကြီးအရေးအတွက်၊ ဝန်ကြီးအမည်စာရင်း၊ တရားသူကြီးချုပ်နှင့် အဖွဲ့ဝင်များအမည်စာရင်း၊ ရှေ့နေချုပ်နှင့် အဖွဲ့ဝင်များ အမည်စာရင်း၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်းတို့ကို လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူခဲ့ပါကြောင်း၊ ဤသို့ဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီး ပါတီစုံပါလီမန် ဒီမိုကရေစီစနစ်အရ အစိုးရအသစ်ကို ရွေးချယ်တင်မြှောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အသီးသီးတွင် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟူ၍ အမြဲတမ်းကော်မတီ (၄) ရပ်စီ ရှိပါကြောင်း၊ အခြားဘာသာရပ်များနှင့် ပတ်သက်၍လည်း ad hoc ကော်မတီများ ဖွဲ့စည်းခွင့်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဟူ၍ အမြဲတမ်းအနေဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာဟူ၍ အာဏာ(၃)ရပ်ကို ပိုင်းခြားကျင့်သုံးပြီး အချင်းချင်း အပြန်အလှန် Check and Balance ပြုလုပ်သောစနစ်ကို ကျင့်သုံးပါကြောင်း၊ အာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုက ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော ပြည်ထောင်စုလွှတ်တော်ကို အာဏာ (၃)ရပ်လုံး လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှ တစ်ဆင့် အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့သို့လည်းကောင်း၊ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားသူကြီးချုပ်သို့လည်းကောင်း လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးများ ပြီးဆုံးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မဲဆန္ဒနယ်မြေများတွင် ပြည်သူများနှင့် လက်ပွန်းတတီး နေထိုင်၍ နိုင်ငံသားတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ဆိုသည့် အဓိကတာဝန်ကို ထမ်းဆောင်နေကြပါကြောင်း။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့မှစ၍ လွှတ်တော်သုံးရပ်စလုံး၏ ဒုတိယပုံမှန်အစည်းအဝေးများကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံအရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပါဝင်တက်ရောက်ခဲ့ကြပါကြောင်း၊ အဆိုပါအစည်းအဝေးများတွင် ဥပဒေများ ပြင်ဆင်ဖြည့်စွက်ရေးနှင့် အသစ်ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်အရ ကော်မတီများ ထပ်မံဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါကြောင်း၊ **အထက်တွင် ဖော်ပြခဲ့သကဲ့သို့ မြန်မာနိုင်ငံ၏ လွှတ်တော်များသည် ပြည်တွင်းတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတကာ မျက်နှာစာတွင်လည်း နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့ခြင်းနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားလိုပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို မြန်မာနိုင်ငံ လွှတ်တော်အတွင်းတွင် ၁၅-၉-၂၀၁၁ ရက်နေ့က ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ပြည်သူများ၊ UN ကိုယ်စားလှယ်များ စုစုပေါင်း ၉၅၀ ခန့် တက်ရောက်ခဲ့ကြပါကြောင်း၊** သို့ဖြစ်၍ မြန်မာနိုင်ငံ၏ လွှတ်တော်များသည် ပါတီစုံ ပါလီမန်ဒီမိုကရေစီစနစ်ကို ဆက်လက်ရှင်သန်စေရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ထူထောင်နိုင်ရေးအတွက် ပြည်တွင်းတွင် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအသိုင်းအဝိုင်းအတွင်း AIPA အဖွဲ့အစည်းတွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ ဤနေရာတွင် ထည့်သွင်းပြောကြားလိုသော အချက်တစ်ချက်မှာ AIPA နှင့် ဆင်တူယိုးမှား ASEAN Inter-Parliamentary Myanmar Caucus(AIPMC)ဆိုသော အဖွဲ့တစ်ဖွဲ့ရှိကြောင်း media များအရ သိရှိရပါကြောင်း၊ ထိုအဖွဲ့တွင် အာဆီယံအသင်းဝင် နိုင်ငံအားလုံးမှ ပါလီမန်အမတ်များ စုံညီစွာပါဝင်ခြင်းမရှိဘဲ ASEAN အမည်ကို သုံးစွဲထားသည်မှာ သင့်လျော်ခြင်းမရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အရေးကိစ္စများကို ထိပါးပြောဆိုခြင်းများလည်း ရှိသဖြင့် AIPA အဖွဲ့ဝင်လွှတ်တော်ဥက္ကဋ္ဌများက လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် AIPA အဖွဲ့၏ လှုပ်ရှားမှုများတွင် မြန်မာနိုင်ငံသည် တက်ကြွစွာ ပါဝင်ဆင်နွှဲရန်နှင့် အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ကြောင်းကို လေးနက်စွာ ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်က မိန့်ခွန်းပြောကြားသည်။

ပထမအကြိမ် စုံညီအစည်းအဝေး ဒုတိယပိုင်းအစီအစဉ်များကို မွန်းလွဲ (၂)နာရီတွင် ဆက်လက်ကျင်းပရာ လေ့လာသူနိုင်ငံများဖြစ်သည့် ဥရောပပါလီမန်၊ ဩစတြေးလျ၊ ကနေဒါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ပါပူဝါနယူးဂီနီ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အထူးလေ့လာသူနိုင်ငံများမှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် (၃၂)ကြိမ်မြောက် AIPA အထွေထွေညီလာခံတွင် ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးဆုံးဖြတ်အတည်ပြုကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၃၂)ကြိမ်မြောက် AIPA အထွေထွေညီလာခံသို့ တက်ရောက်လာကြသည့် AIPA အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အထူးလေ့လာသူနိုင်ငံများ၊ လေ့လာသူနိုင်ငံများမှ ခေါင်းဆောင်များနှင့် AIPA , ASEAN တို့မှ အထွေထွေအတွင်းရေးမှူးချုပ်များအား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် First- Vice- President H.E.Mr. NGUON NHEL က Inter-Continental Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

## မြန်မာသတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် စင်ကာပူသမ္မတနိုင်ငံအခြေစိုက် AMIC(Asian Media Information and Communication Center) တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာရန် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) ဦးဆောင်၍ အဖွဲ့ဝင် ၁၀ ဦးပါ မြန်မာသတင်းမီဒီယာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။ **(အောက်ပုံ)**

အဆိုပါ မြန်မာသတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စာပေဗိမာန် စာတည်းမှူးချုပ် ဦးမျိုးထွန်း၊ လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်(မြတ်ခိုင်)၊ တူဒေးမီဒီယာအုပ်စု အမှုဆောင်အရာရှိချုပ် ဒေါက်တာသာထွန်းဦး၊ ပေါ်ပြူလာနယူးစ်ဂျာနယ် အယ်ဒီတာချုပ် ဦးဖိုးနိုင်လင်း၊ သည်ဗွိုက်စ်ဂျာနယ် အယ်ဒီတာချုပ် ဦးဇေယျသူ၊ မက်ဆင်ဂျာ ဂျာနယ်တာဝန်ခံအယ်ဒီတာ ဦးအောင်ပေါ်ထွန်း၊ ဆဲဗင်းဒေးနယူးစ်ဂျာနယ် အမှုဆောင်အယ်ဒီတာ ဦးအားမာန်၊ မြန်မာတိုင်းမ်ဂျာနယ် အယ်ဒီတာ ဦးမျိုးလွင်နှင့် ဖလားဝါးနယူးစ်ဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးစောမြင့်သန်း(ပေါက်တော) တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)



# တာဝန်ယူသည့်လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက် စံချိန်စံညွှန်းပြည့်မီသော တည်ဆောက်ရေးပစ္စည်းများ အသုံးပြု

နေပြည်တော် စက်တင်ဘာ ၂၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)ရုံး အစည်းအဝေးခန်းမဆောင်၌ ဆီမီးယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန၊ သီရိဆောင်အကြီးစားမွမ်းမံပြင်ဆင်နေမှုနှင့် လမ်း/တံတားများ အပိုင်းလိုက်တာဝန်ယူဆောင်ရွက်ထားရှိမှုတို့အပေါ် လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား အထူးအဖွဲ့များအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ အဆောက်အအုံများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီသော တည်ဆောက်ရေးပစ္စည်းများကို အသုံးပြုရန်တို့ကို မှာကြားသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၄)ရုံး အစည်းအဝေးခန်းမဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

**မှာကြားခဲ့**

ထိုမှတစ်ဆင့် ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးရုံး(ရန်ကင်း)သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ကတ္တရာ၊ သံချောင်းလုံးများ ဝယ်ယူရောက်ရှိ ဖြန့်ဝေမှုနှင့် လက်ကျန်အခြေအနေ၊ ဂိုဒေါင်များအတွင်း ပစ္စည်းများထားရှိမှု၊ ဘေလီသံပေါင်များ စနစ်တကျထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြမှုအပေါ် ဂိုဒေါင်များအတွင်း ပစ္စည်းများကို အမျိုးအစားအလိုက် ခွဲခြား၍ စနစ်တကျထားရှိရန်၊ ကတ္တရာ၊ သံချောင်းလုံးများ ဝယ်ယူ၊ ထုတ်ပေး၊ လက်ကျန်အခြေအနေတို့ကို စာရင်းဇယားဖြင့် သေသေချာချာ ပြုလုပ်ရန်တို့ကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပစ္စည်းများ သိုလှောင်ထားရှိမှုကို စာရင်းဇယားများဖြင့် စနစ်တကျထိန်းသိမ်းထားရှိရန်၊ ဟောင်းနွမ်းပျက်စီးမှု မရှိမီ အသုံးတည့်သည့်ပစ္စည်းများကို လိုအပ်သည့် လုပ်ငန်းခွင်များတွင် အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိအောင် စနစ်တကျထိန်းသိမ်းသွားရန်၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ ကျင့်ကြံနေထိုင်ရန်တို့ကို မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)နှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)တို့က လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြသည်။ (သတင်းစဉ်)



(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ရေဆင်းတက္ကသိုလ်နယ်မြေရှိ ပြိုင်ပွဲကျင်းပမည့်နေရာ၌ ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပမည့်နေရာဌာနများ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၅**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဦးတည်ချက်(၅)ရပ်ဖြင့် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေအတွင်း ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီးအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ဆပ်ကော်မတီများမှ အတွင်းရေးမှူးများ၊ ရေဆင်းတက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဌာနအသီးသီးမှ တာဝန်ရှိသူများလိုက်ပါ၍ ပြိုင်ပွဲများကျင်းပမည့် ရေဆင်းတက္ကသိုလ်နယ်မြေရှိ ပြိုင်ပွဲနေရာများနှင့် ပြိုင်ပွဲဝင်များတည်းခိုနေထိုင်မည့် တည်းခိုဆောင်များ၌ ဆပ်ကော်မတီအသီးသီး၏ ကြိုတင်ပြင်ဆင်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးသည် ပြိုင်ပွဲကျင်းပမည့် နေရာတစ်ခုချင်းအလိုက်ပြိုင်ပွဲဝင်မည့်သူများ သက်သောင့်သက်သာစွာ အစွမ်းကုန်ပါဝင်ယှဉ်ပြိုင်နိုင်စေရေး ပြင်ဆင်ဆောင်ရွက်ပေးသွားရန်၊ ကဏ္ဍအလိုက် ပါဝင်ယှဉ်ပြိုင်မှုများကို လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များအတွက် နေရာများပြင်ဆင်ဆောင်ရွက်ပေးသွားရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ တည်းခိုနေထိုင်မည့် အမှတ်(၇) တည်းခိုဆောင်များတွင် ပိုးမွှားကင်းရှင်းရေး ဂရုပြုကြိုတင်ဆောင်ရွက်သွားရန်နှင့် ပြိုင်ပွဲဝင်များ တည်းခိုနေထိုင်စားသောက်ရေးအတွက် အစစအရာရာ စနစ်တကျရှိစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

# KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝါးတောကြီးကျေးရွာနေ ကိုချစ်ထွန်းနှင့် ကိုစစ်နိုင်တို့နှစ်ဦးသည် ဝါးခုတ်နေစဉ် စက်တင်ဘာ၂၄ ရက် ညနေ ၃ နာရီခန့်က ရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိ၍ ကိုစစ်နိုင်(၂၇)နှစ်၏ ဘယ်ခြေချင်းဝတ်မှ ပြတ်နှင့် မေးစေ့အောက် မိုင်းစဖောက်ဝင် ဒဏ်ရာရရှိပြီး နေရာ၌ပင် ပွဲချင်းပြီး သေဆုံးခဲ့သဖြင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၅) လမ်းနေ ဖခင်ကြီး ဦးအုန်းသွင်၊ သားကြီး ကိုသန်းထွန်းနှင့် သားငယ် ကိုလှသွင်တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်စန်းတင် မိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား ငါးကျပ်သား ကပ်လှူပူဇော်ရန်အတွက် အလှူငွေကျပ် သိန်း ၃၀ ပေးအပ် လှူဒါန်းစဉ်။ (ကြေးမုံ)


2011

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့

INTERNATIONAL DAY OF OLDER PERSONS

1st October 2011

“သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့”

"TOWARDS A SOCIETY FOR ALL AGES"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန


# မကွေး၊ အောင်လံမြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် စက်တင်ဘာ ၂၁ ရက်တွင် ကိုးပင်-သစ်ရာကောက် လမ်းမကြီး လမ်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မက်(စ်)မြန်မာကုမ္ပဏီမှ တာဝန်ရှိသူများက လမ်းများပြုပြင်ထိန်းသိမ်းခြင်း၊ သတ်မှတ် အကျယ်နှင့် ထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အောင်လံမြို့ ရောဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် မြေထိန်းနံရံ ပြုပြင်ပြီးစီးမှု အခြေအနေနှင့် အောင်လံ-ပြည်လမ်းမကြီးတစ်လျှောက် လမ်းများ၏လက်ရှိအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အောင်လံမြို့နယ် ပျဉ်းပင်လှရွာအနီးရှိ ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် အင်းကုန်းကျေးရွာငွေချည်(၆) ချည်မျှင်ရှည်ဝါ ၇၁၇ ဧက စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

# ချန်ပီယံဆုအတွက် ရန်ကုန်နှင့် ရောဝတီအပြိုင်ဖြစ်နေ

ရန်ကုန် စက်တင်ဘာ ၂၅

**MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၂၁)ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ YUSC ကွင်းနှင့် ပဒုမ္မာကွင်းတို့၌ ကျင်းပသည်။**

**သုဝဏ္ဏကွင်း**
**ရောဝတီယူနိုက်တက်-တစ်ဂိုး**
(ဂျူပီတာ)
**ကမ္ဘောဇ-ဂိုးမရှိ**

**အောင်ဆန်းကွင်း**
**ရန်ကုန်ယူနိုက်တက်-သုံးဂိုး**
(ရာဇာဝင်းသိန်း၊ ချာလက်စ်အိုဘီနှင့် ခင်မောင်လွင်)
**မနော‌မြေ-တစ်ဂိုး**
(ဇာကီ)

**YUSC ကွင်း**
**နေပြည်တော်-နှစ်ဂိုး**
(လီအန်ဒရို)
**ဇေယျာရွှေမြေ-တစ်ဂိုး**
(မင်းချစ်သူ)

**ပဒုမ္မာကွင်း**
**ဥဿာယူနိုက်တက်-တစ်ဂိုး**
(အောင်မြင့်ထွန်း)
**ရက္ခပူရယူနိုက်တက်-တစ်ဂိုး**
(စတန်လေ)

**၂၈-၉-၂၀၁၁**
**သုဝဏ္ဏကွင်း**
**ညနေ ၃း၃၀ နာရီ**
**ရန်ကုန်-ရောဝတီ**

**ညနေ ၆း၁၀ နာရီ**
ရက္ခပူရ-ဇွဲကပင်
**YUSC ကွင်း**
**ညနေ ၃း၃၀ နာရီ**
**မကွေး-ဥဿာ**

## သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

**အောင်ဆန်းကွင်း**
**ညနေ ၃း၃၀ နာရီ**
**ဇေယျာရွှေမြေ-မနောမြေ**
**ပဒုမ္မာကွင်း**
**ညနေ ၃း၃၀ နာရီ**
**ရတနာပုံ-နေပြည်တော်**
**KBZကွင်း**
**ညနေ ၃း၃၀ နာရီ**
**ကမ္ဘောဇ-Southern**



**ကမ္ဘောဇတိုက်စစ်မှူး ခိုင်ဇော်ထွန်း ရောဝတီဘက်သို့ ထိုးဖောက်စဉ်။**

# မက်ဆီနှင့် စီရော်နယ်ဒိုတို့ ဂိုးအပြိုင်သွင်း

**ဘာစီလိုနာ စက်တင်ဘာ ၂၅**

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုတို့သည် ပြီးခဲ့သည့် စနေည စပိန်လာလီဂါ ပွဲစဉ်(၆)တွင် ဂိုးများအပြိုင်သွင်းခဲ့ကြသည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ်(၆)အဖြစ် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် အိမ်ကွင်း ကစားခဲ့သည့်ပွဲတွင် ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ရာ ပွဲချိန် ၂၆ မိနစ်၊ ၇၈ မိနစ်နှင့် မိနစ် ၉၀ တို့တွင် မက်ဆီတစ်ဦးတည်း သုံးဂိုးသွင်းယူခဲ့သည်။ ထို့အတူ ရီးယဲလ်မက်ဒရစ်နှင့် ရာယိုဗယ်လက်ကာနိုတို့ပွဲတွင် အိမ်ရှင်ရီးယဲလ်မက်ဒရစ်က ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် စီရော်နယ်ဒိုက ပွဲချိန် ၃၉ မိနစ်၊ ၅၁ မိနစ်(ပယ်နယ်တီ)နှင့် ၈၄ မိနစ်တို့တွင် သုံးဂိုးသွင်းယူခဲ့သည်။ ထို့ကြောင့် လာလီဂါပွဲစဉ်(၆)



*ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ။*

အပြီးတွင် မက်ဆီက ရှစ်ဂိုးနှင့် စီရော်နယ်ဒိုက ခုနစ်ဂိုး အပြိုင်ဂိုးသွင်းထားကြသည်။

*အင်တာနက်။*

**ဟန်သစ်**

ဓမ္မစရိယာစ ဧတံမင်္ဂလမုတ္တမံ

တရားတော်နှင့်အညီ ကျင့်ကြံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်း လမ်းပေါ်၌ စစ်တောင်းတူးမြောင်းတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ခြောက်စင်းမြောက်ဖွင့်လှစ်သောတံတားဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

စစ်တောင်းတူးမြောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၅/၄)တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ စုစုပေါင်းတံတားအရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေခွဲစီပါရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ခြောက်စင်းမြောက်ဖွင့်လှစ်သော စစ်တောင်းတူးမြောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့✤



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့ စစ်တောင်းတူးမြောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

# KIAအဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆဒုံးမြို့နယ်ခွဲနေ အပြစ်မဲ့ ကချင်ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် စက်တင်ဘာ ၂၅

KIA အဖွဲ့က စက်တင်ဘာ ၂၂ ရက် နံနက် ၃ နာရီခန့်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့နယ်ခွဲ ဆဒုံးဈေးတန်းသို့ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး လက်ပစ်ဗုံးဖြင့်ပါ ပစ်ပေါက်ခဲ့သဖြင့် ဆဒုံးမြို့နယ်ခွဲ အမှတ်(၅)ရပ်ကွက်နေ ဒေါ်မရှီကော့ အသက်(၄၃)နှစ် (ဘ- ဦးဖောင်းမျာလဖြင်)၏ ဝဲဘက်ချိုင်းအောက်တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒေါ်မရှီကော့အား ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနေစဉ် မွန်းလွဲပိုင်းတွင် ရရှိဒဏ်ရာဖြင့်ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများကသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးကလည်း KIA အဖွဲ့အား ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ပြည်နယ်အကျိုးနှင့် ပြည်ထောင်စုအကျိုးစီးပွားအတွက် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် လိုလားလျက်ရှိကြပြီး ယခုကဲ့သို့ မြို့/ရွာများအား လက်နက်ဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လက်နက်ဖြင့် ခြိမ်းခြောက်၍ အဓမ္မ တပ်သားသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ အချင်းချင်း ပစ်ခတ်သတ်ဖြတ်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားလေ့ရှိသောနေရာများတွင် မိုင်းထောင်ခြင်း စသည့် အဖျက်လုပ်ရပ်များကို မပြုလုပ်စေလိုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစား | ဟန်သစ်

## ဝိန်းရွန်နေး နောက်ထပ်နှစ်ပွဲ ထပ်မံလွဲချော်ရဦးမည်

မန်ချက်စတာ စက်တင်ဘာ ၂၅

**လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နေသည့် မန်ယူအသင်း၏ ဂိုးသွင်းစက်ဖြစ်သူ ဝိန်းရွန်နေးသည် ဒဏ်ရာပြဿနာကြောင့် ပြီးခဲ့သည့်စနေညက စတုတ်စီးတီးကို တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲတွင် မပါဝင်နိုင်ခဲ့သကဲ့သို့ နောက်ထပ်နှစ်ပွဲခန့် ထပ်မံလွဲချော်ရဦးမည်ဖြစ်သည်။**



အသက်(၂၅)နှစ်ရှိ ဝိန်းရွန်နေးသည် မန်ယူအသင်းနှင့်အတူ ပြီးခဲ့သည့်သောကြာနေ့က လေ့ကျင့်ရေးပြုလုပ်စဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဝိန်းရွန်နေးသည် လာမည့်ဗုဒ္ဓဟူးနေ့ နံနက်တွင် ဘေဆယ်နှင့် အိမ်ကွင်းကစားရမည့် ချန်ပီယံလိဂ်ပွဲနှင့် ပရီမီယာလိဂ်ပွဲစဉ်(၇)အဖြစ် နော့ဝှစ်ချ်နှင့် အိမ်ကွင်းကစားရမည့် ပွဲစဉ်များကို လွဲချော်ရတော့မည် ဖြစ်သည်။

ဝိန်းရွန်နေးသည် ယခုနှစ် ပရီမီယာလိဂ်ရာသီ ပွဲစဉ်(၆)အပြီးတွင် မန်ယူအတွက် ငါးပွဲပါဝင်ကစားထားရာ၌ သွင်းဂိုး ကိုးဂိုးအထိရရှိကာ ဂိုးအများဆုံးသွင်းသူအဖြစ် ဦးဆောင်နေသည်။ ဝိန်းရွန်နေးပါဝင်နိုင်သည့်ပွဲများတွင် မန်ယူအသင်း သွင်းဂိုးများလေ့ရှိသော်လည်း ပြီးခဲ့သည့် စတုတ်စီးတီးနှင့် အဝေးကွင်းပွဲစဉ်တွင် ၎င်းပါဝင်နိုင်ခြင်းမရှိ၍ မန်ယူအသင်းသည် နာနီ၏ သွင်းဂိုးတစ်ဂိုးသာရရှိခဲ့ပြီး ပီတာခရော့ချ်၏ ချေပဂိုးကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထို့ပြင် မန်ယူအသင်းတွင် လူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်သည်လည်း ကြွခိုင်မှုပြည့်ဝခြင်းမရှိ၍ ဖာဂူဆန်အတွက် အခက်ကြုံရကိန်း ဆိုက်နေသည်။ ***အင်တာနက်။***

| | | | | |
|---|---|---|---|---|
| **မှတ်သားဖွယ်ရာမိုးရေချိန်များ (၂၅-၉-၂၀၁၁)** | | | | |
| ခန္တီး | ၃ | ဒသမ | ၅၉ | လက်မ |
| တောင်ငူ | ၂ | ဒသမ | ၄၄ | လက်မ |
| မချမ်းဘော | ၁ | ဒသမ | ၆၅ | လက်မ |
| ထားဝယ် | ၁ | ဒသမ | ၃၀ | လက်မ |

ယ နေ့ သ တ င် း အ ညွှ န် း

### ပါကစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့များ စေလွှတ်မည့်အရေး ပါကစ္စတန် သတိပေး

**❝ကဘူးမြို့ရှိ အမေရိကန်သံရုံးကို တိုက်ခိုက်ခဲ့ကြသော စစ်သွေးကြွအုပ်စုအပါအဝင် အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံမှ သောင်းကျန်းသူများကို ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့(အိုင်အက်စ်အိုင်)က ကူညီနေသည်ဟု အမေရိကန်တာဝန်ရှိသူများက စွပ်စွဲခဲ့❞**

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

### ချန်ပီယံဆုအတွက် ရန်ကုန်နှင့် ရောဝတီ အပြိုင်ဖြစ်နေ

**❝ရန်ကုန်အသင်းမှာ သရေတစ်မှတ်ရရုံဖြင့် ဗိုလ်စွဲမည်ဖြစ်ပြီး ချန်ပီယံဖြစ်ရန် ရောဝတီအသင်းမှာ အနိုင်ကစားရမည်❞**



အားကစားသတင်း စာမျက်နှာ - ၁၀